MAPCO
AGRIBUSINESS

# ANNUAL REPORT 2022-23



www.mapco.com.mm

MAPCO
AGRIBUSINESS

Annual Report | **2022-23**
Myanmar Agribusiness Public Company Limited

# ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံတင်ပြစာ

၁။ (၁၁.၆.၂၀၂၂)ရက်နေ့တွင်ကျင်းပခဲ့သော နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ အတည်ပြုချက်ဖြင့် အဖွဲ့ဝင်(၇)ဦး ပါဝင်သော ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်လမှ နှစ်ကုန်အထိ အစည်းအဝေး(၆)ကြိမ် ကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အစည်းအဝေး (၈)ကြိမ် ကိုလည်းကောင်း ခေါ်ယူကျင်းပခဲ့ပြီး၊ ဆုံးဖြတ်ချက် (၉၄)ချက်ကို ချမှတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်များအနက် (၈၀)ချက်သည် ဆောင်ရွက်ပြီးစီး၍ မှတ်တမ်းတင် ထားရန်နှင့် ဆောင်ရွက်ဆဲ (၉)ချက်၊ ဆောင်ရွက်ရန်ကျန် (၅)ချက်ဖြစ်ပါကြောင်း ဖော်ပြ အပ်ပါသည်။

၂။ အရေးပေါ်အခြေအနေ ကြေညာထားဆဲကာလအတွင်း နိုင်ငံအဝန်း လတ်တလော ကြုံတွေ့ ရင်ဆိုင်နေရသောအခက်အခဲ စိန်ခေါ်မှုများ၊ အဟန့်အတားများ၊ လုံခြုံရေး ဆိုင်ရာ စိန်ခေါ်မှုများ၊ စီးပွားရေး မူဝါဒ အပြောင်းအလဲများအကြားတွင် ဒါရိုက်တာအဖွဲ့ အနေဖြင့် ကုမ္ပဏီရှင်သန်ရပ်တည် တည်ရှိနေနိုင်ရေးကို ဦးစားပေးပြီး၊ ဝန်ထမ်းများနှင့် လုပ်ငန်းများ၏ လုံခြုံရေးကို အထူးတလည် စဉ်းစားစီမံဆောင်ရွက်ခဲ့ပါသည်။ ကုမ္ပဏီ စတင်ထူထောင်ခဲ့သော ကနဦးနှစ်များကတည်းက ချမှတ်ခဲ့သောလုပ်ငန်းများ၊ ဆောင် ရွက်ဆဲလုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO)သည် လယ်ယာ စိုက်ပျိုးရေးနှင့်စိုက်ပျိုးရေးအခြေခံ စက်မှုကုန်ထုတ်လုပ်ငန်းများကို အာရုံစူးစိုက်ဆောင် ရွက်သည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ဆန်စပါး၊ ပဲမျိုးစုံနှင့် လယ်ယာထွက်ကုန် ပြည်ပတင်ပို့မှုလုပ်ငန်းများ၊ ဓါတ်မြေဩဇာ တင်သွင်းဖြန့်ဖြူးရေးလုပ်ငန်းနှင့် သဘာဝ မြေဩဇာ စမ်းသပ်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဖွဲနှင့်ဆီ ထုတ်လုပ်မှုစီမံကိန်း၊ စပါးခွံမှ လျှပ်စစ် ထုတ်လုပ်မှုစီမံကိန်း၊ ဆန်စက်နှင့် သိုလှောင်ရုံတည်ဆောက်မှု စီမံကိန်းများ၊ စိုက်ပျိုးရေး နှင့် ကန်ထရိုက်လယ်ယာလုပ်ငန်းများကို လတ်တလော ဦးစားပေး၍ ဆောင်ရွက်လျှက် ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

၄။ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုအချို့ကို ထုခွဲရောင်းချရာတွင် (၁)လုပ်ငန်းဆောင်ရွက်နိုင်ရန် ခက်ခဲပြီး ပြန်လည်မွမ်းမံပြင်ဆင်ရန်လိုအပ်သော ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက် များကို ရောင်းချခြင်း၊ (၂)အလုန်းကွာဝေးပြီး လတ်တလော သွားရောက်ကွပ်ကဲရန် ခက်ခဲသော မန္တလေးတိုင်း၊ မတ္တရာရှိမြေ (၄.၇၆)ဧကအား ရောင်းချခြင်းတို့ကို ဆောင် ရွက်ခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုအသစ်အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် စိုက်ပျိုးရေးလုပ်ငန်းအတွက်လယ်မြေ (၁၅.၄၉)ဧက ဝယ်ယူရင်းနှီးမြှုပ်နှံခြင်း၊ ရှေးဝတီ တိုင်း၊ မအူပင်မြို့နယ်တွင် လယ်မြေ(၅)ဧက ဝယ်ယူခြင်း၊ ရန်ကုန်တိုင်း၊ တိုက်ကြီး မြို့နယ်တွင် အခြောက်ခံစက်၊ လုံးတီးခွဲစက်နှင့် သိုလှောင်ရုံတည်ဆောက်ခြင်း၊ မြောင်းမြ

မြို့နယ်ရှိ ကုမ္ပဏီ၏ ဆိပ်ကမ်းဇရိယာတွင် အခြောက်ခံစက်၊ လုံးတီးခွဲစက်နှင့် သိုလှောင်ရုံတည်ဆောက်ခြင်း၊ ရန်ကုန်တိုင်း သီလဝါအကွက် (၂၈)တွင် တည်ဆောက်ရေး ဆောင်ရွက်ခြင်း၊ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်ရှိ ကုမ္ပဏီ၏ မြေနေရာတွင် ပီနံအိတ်ချုပ်လုပ်ငန်းအတွက် စက်ရုံတည်ဆောက်ခြင်း၊ MAPCO Golden Lace ကုမ္ပဏီ၏ အစုရှယ်ယာကို တိုးမြှင့်ဝယ်ယူခြင်း၊ ကျိုက်လတ်ရှိ မြေနေရာ(၁၀)ဧက ဝယ်ယူခြင်းတို့ကို ဆောင်ရွက်နေပါကြောင်းဖော်ပြအပ်ပါသည်။

၅။ ယခုနှစ်တွင် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်(MAPCO) အနေဖြင့် ဝင်ငွေကျပ်(၂၇.၅၄)ဘီလီယံကိုလည်းကောင်း၊ MAPCO အနေဖြင့် ရင်းနှီးမြှုပ်နှံထည့်ဝင်ထားသော MAPCO Golden Lace ကုမ္ပဏီအပါအဝင် ကုမ္ပဏီခွဲများ၏ ဝင်ငွေ ( ၃၀.၅၇ ) ဘီလီယံကျပ်၊ စုစုပေါင်း ကျပ် (၅၈.၁၁) ဘီလီယံကို ဝင်ငွေရှာဖွေရရှိခဲ့ပါသည်။ ကိုဗစ်ကာလမတိုင်မီကတည်းက ရင်းနှီးမြှုပ်နှံမှုများအတွက် ဘဏ်ချေးငွေများရယူထားရသဖြင့် အဆိုပါချေးငွေများကို အတိုး၊ အရင်း ပြန်လည်ပေးဆပ်နိုင်ရန်နှင့် အချို့သောရင်းနှီးမြှုပ်နှံမှုများကို ထုတ်နုတ်ရောင်းချရန် စီစဉ်နေရခြင်း၊ ပေးချေရန်ကျန်ရှိနေသော စရိတ်စကများနှင့် အခြားသောလုပ်ငန်းဆောင်ရွက်မှု အခက်အခဲများ၊ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် ရင်းနှီးငွေလိုအပ်မှုရှိနေခြင်းတို့ကြောင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် ငွေကြေးအခြေအနေများကြောင့်လည်းကောင်း ယခုကာလအတွင်း အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစု ခွဲပေးနိုင်ခြင်းမရှိသည့်အခြေအနေကို တင်ပြလိုပါသည်။ သို့ရာတွင် ကုမ္ပဏီအနေဖြင့် အလားအလာရှိသောလုပ်ငန်းများတွင် စနစ်တကျ ရင်းနှီးမြှုပ်နှံထားခြင်း၊ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုတန်ဖိုးများသည် ပို၍တိုးတက်လာပြီး ကာလတို အခက်အခဲများကို ရင်ဆိုင်နေရသော်လည်း ကာလလတ်နှင့် ကာလရှည်အတွက် အလားအလာကောင်းသော အခြေအနေဖြစ်ပါကြောင်း လေးစားစွာဖြင့် အစီရင်ခံတင်ပြအပ်ပါသည်။

၆။ ၂၀၂၃ ဒီဇင်ဘာတွင် ကျင်းပမည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၄-၂၀၂၅ နှစ်နှစ်တာကာလ လုပ်ငန်းစီမံချက်ကို တင်ပြပြီး (၂)နှစ်အတွင်း တိုးတက်ဖြစ်ထွန်းမှုများနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အပြောင်းအလဲများကို စနစ်တကျ ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် အစုရှယ်ယာရှင်များအား အသိပေးတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့ (၂၀၂၂-၂၀၂၃ သက်တမ်း)**
**မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်**

# မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO) ဒါရိုက်တာအဖွဲ့

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးရဲမင်းအောင် | အုပ်ချုပ်မှုဒါရိုက်တာ |
| ၂။ | ဦးအောင်မြင့် | အမှုဆောင်ဒါရိုက်တာ |
| ၃။ | ဦးကျော်ကျော်ဝင်း | အမှုဆောင်ဒါရိုက်တာ |
| ၄။ | ဦးဟန်သော်ဇေ | အမှုဆောင်ဒါရိုက်တာ |
| ၅။ | ဦးထွန်းလွင် | ဒါရိုက်တာ |
| ၆။ | ဦးမောင်မောင်ကြီး | ဒါရိုက်တာ |
| ၇။ | ဒေါ်ခင်မိမိစိုး | ဒါရိုက်တာ |
| ၈။ | ဦးသူရ | သီးခြားလွတ်လပ်သောဒါရိုက်တာ |
| ၉။ | ဦးသက်ဇင်မောင် | အကြံပေး/ဒါရိုက်တာ |

## ပြောင်းလဲပြင်ဆင်ထားသည့်ဖွဲ့စည်းပုံ



# အစုရှယ်ယာထည့်ဝင်မှုအခြေအနေတင်ပြခြင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO) သည် MAPCO GOLDEN LACE COMPANY တွင် ယခင်က အစုရှယ်ယာ (55%) ထည့်ဝင်ထားရှိပါသည်။ ကျိုက်လတ်တွင်ရှိသည့် ဆန်စက်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို Wilmar Myanmar Rice Land Company သို့ရောင်းချခဲ့ပြီးသည့်နောက်ပိုင်းတွင် MAPCO Golden Lace Co.,Ltd ကို ဓါတ်မြေဩဇာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မူလ အစုရှယ်ယာရှင်များထံမှ အစုရှယ်ယာလွှဲပြောင်း ဝယ်ယူရန် အတွက် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။ အစုရှယ်ယာများ လွှဲပြောင်းမှုလုပ်ငန်းများ ပြီးစီးပါက MAPCO အနေဖြင့် MAPCO Golden Lace Co.,Ltd တွင် (၁၀၀% ) ပိုင်ဆိုင်မည် ဖြစ်ပါသည်။ ကျိုက်လတ်ရှိ စက်မှုဂရုံကျပြီး မြေ(၁၀)ဧက ကိုလည်း MAPCO အနေဖြင့် အခြားအစုရှယ်ယာရှင်များထံမှ လွှဲပြောင်း ဝယ်ယူထားပါကြောင်း တင်ပြအပ်အပ်သည်။

# ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပါဝင်မှုအခြေအနေ (၂၀၂၃ ခုနှစ်၊ မေလအထိ)

## BOD's Shareholding Status

| No. | Shareholders Name | No.of Shares | Amount(k) | Percentages % |
|---|---|---|---|---|
| 1. | U Ye Min Aung | 21,960 | 219,600,000 | 0.91 % |
| 2. | U Aung Myint | 10,420 | 104,200,000 | 0.43 % |
| 3. | U Kyaw Kyaw Win | 41,620 | 416,200,000 | 1.72 % |
| 4. | U Tun Lwin | 104,020 | 1,040,200,000 | 4.31 % |
| 5. | U Maung Maung Gyi | 32,460 | 324,600,000 | 1.34 % |
| 6. | U Han Thaw Zay | 9,340 | 93,400,000 | 0.39 % |
| 7. | Daw Khin Mi Mi Soe | 1,000 | 10,000,000 | 0.04 % |
| | Total | 220,820 | 2,208,200,000 | 9.14 % |

# အစုရှယ်ယာ အများဆုံးထည့်ဝင်ထားသူ (၅၁)ဦးစာရင်း (၂၀၂၃ ခုနှစ်၊ မေလအထိ)

# Top 50 Shareholders List (October, 2021)

| No. | Shareholder's Name | No.of Shares | % |
|---|---|---|---|
| 1. | EDEN GROUP CO.,LTD. | 343,220 | 14.21% |
| 2. | Yangon Land Co.,Ltd | 145,620 | 6.03% |
| 3. | U Tun Lwin | 104,020 | 4.31% |
| 4. | U Kyaw Gyi Kyaw | 66,996 | 2.77% |
| 5. | Daw Moe Sandar Swe | 59,333 | 2.46% |
| 6. | U Khin Maung Aye | 52,020 | 2.15% |
| 7. | U Zaw Zaw | 52,020 | 2.15% |
| 8. | U Zaw Win Shein | 52,020 | 2.15% |
| 9. | U Kyaw Lin | 52,020 | 2.15% |
| 10. | U Hla Myo | 50,020 | 2.07% |
| 11. | U Kyaw Kyaw Win | 41,620 | 1.72% |
| 12. | Good Brother Co.,Ltd | 41,620 | 1.72% |
| 13. | Nine Road Company | 34,704 | 1.44% |
| 14. | U Win Htein Win | 33,300 | 1.38% |
| 15. | U Maung Maung Gyi | 32,460 | 1.34% |
| 16. | Daw Moe Moe Myint | 29,320 | 1.21% |
| 17. | Daw Khin Moh Moh Shein | 28,822 | 1.19% |
| 18. | U Ye Min Aung | 21,960 | 0.91% |
| 19. | U Aung Than Oo | 20,820 | 0.86% |
| 20. | Dr.Soe Tun | 20,820 | 0.86% |
| 21. | Diamond Star | 20,820 | 0.86% |
| 22. | U Hla Oo | 20,820 | 0.86% |
| 23. | Daw Kyan In Hywal | 19,884 | 0.82% |
| 24. | U Nay Myo Zaw | 18,740 | 0.78% |
| 25. | U Saga Hla Duoi | 18,690 | 0.77% |
| 26. | U Maung Maung Kyaw Win | 18,370 | 0.76% |

| No. | Shareholder's Name | No.of Shares | % |
|---|---|---|---|
| 27. | U Tin Hla | 18,324 | 0.76% |
| 28. | U Tin Maung Hlaing | 15,620 | 0.65% |
| 29. | U Kyaw Thin | 15,100 | 0.62% |
| 30. | Daw Sandar Than | 15,000 | 0.62% |
| 31. | U Kyaw Min Htin | 14,257 | 0.59% |
| 32. | U Phyo Thaung Win | 14,180 | 0.59% |
| 33. | Daw Aye Nyein Moe | 12,000 | 0.50% |
| 34. | U Aung Lin Htin | 11,512 | 0.48% |
| 35. | Daw Lei Lei Maw | 11,460 | 0.47% |
| 36. | U R Yu | 10,836 | 0.45% |
| 37. | U Tin Myint @ U Kyaw Tin Myint | 10,580 | 0.44% |
| 38. | U Hla Maung Shwe | 10,420 | 0.43% |
| 39. | U Thatoe Hein | 10,420 | 0.43% |
| 40. | Daw Ohnmar Myint | 10,420 | 0.43% |
| 41. | U Aung Myint | 10,420 | 0.43% |
| 42. | U Zaw Win Oo | 10,420 | 0.43% |
| 43. | U Myo Htwe | 10,420 | 0.43% |
| 44. | U Maung Maung Tin | 10,420 | 0.43% |
| 45. | U Myat Lwin | 10,420 | 0.43% |
| 46. | Dr.Soe Myint | 10,420 | 0.43% |
| 47. | Daw Myat Thu Khaing | 10,420 | 0.43% |
| 48. | U Aung Phyo | 10,420 | 0.43% |
| 49. | Dr.Aye Aye | 10,420 | 0.43% |
| 50. | Myanmar Combiz Holdings Limited | 10,420 | 0.43% |
| 51. | U Aung Kyaw Zaw | 10,420 | 0.43% |
| | Total | 1,694,808 | 70.14% |

# ၂၀၂၂-၂၀၂၃ ခုနှစ်တွင် Trading & Logistics Department(TLD) ဌာန၏ လုပ်ငန်းဆောင်ရွက်မှု

Trading & Logistics Department (TLD) ဌာနသည် ၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်တွင် ယခင် Rice Business Unit (RBU) ကို ပြင်ဆင်၍ ပြောင်းလဲဖွဲ့စည်းထားသော ဌာနတစ်ခု ဖြစ်ပါသည်။ မူလက ဖွဲ့စည်းထားသော Rice Business Unit (RBU) သည် ဆန်/ဆန်ကွဲ ပြည်ပတင်ပို့မှု၊ ဆန်စပါးနှင့် ဆန်ထွက်ပစ္စည်းရောင်းဝယ်မှုတို့ကို သာ အဓိကဆောင်ရွက်သော ဌာနဖြစ်သော်လည်း ယခုအခါ လုပ်ငန်းလိုအပ်ချက်အရ ဆန်စပါးအပြင် အခြားလယ်ယာထွက်ကုန်များကို ရောင်းဝယ်တင်ပို့ကုန် သွယ်နိုင်ရန်၊ မြေဩဇာနှင့် စိုက်ပျိုးရေးသွင်းအားစုများ၊ လယ်ယာသုံးပစ္စည်းနှင့် စက်ကိရိယာများ တင်သွင်းနိုင်ရန်အတွက် ရည်ရွယ်၍ Trading & Logistics Department (TLD) ဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း ပြည်တွင်း ထွက်ကုန်များဖြစ်သည့် ဆန်၊ ဆန်ကွဲ၊ ပဲ နှင့် ပြောင်း ပြည်ပသို့ တင်ပို့ရောင်းချမှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက လျော့ကျနေသည့် အနေအထားတွင် တည်ရှိနေပါသည်။ ယခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ပို့ကုန်တင်ပို့ခြင်းနှင့် သွင်းကုန်တင်သွင်းခြင်းဆိုင်ရာ မူဝါဒပြောင်းလဲခြင်းများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်သော နိုင်ငံခြားဝင်ငွေလဲလှယ်ခြင်းဆိုင်ရာ မူဝါဒပြောင်းလဲခြင်းများ၊ ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းမတည်ငြိမ်မှုများ ရှိခဲ့သော်လည်း MAPCO ၏ ဦးတည်ချက်ဖြစ်သည့် ပို့ကုန်တင်ပို့ခြင်းနှင့် သွင်းကုန်တင်သွင်းခြင်း လုပ်ငန်းစဉ်များအား တစိုက်မတ်မတ် ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ပြည်ပသို့ ဆန်၊ ဆန်ကွဲ၊ ပဲတီစိမ်းနှင့် နံစားပြောင်း စုစုပေါင်းတန်ချိန် (၁၀၀၀၀) ကျော် တင်ပို့နိုင်ခဲ့ပါသည်။ ထိုသို့ ပြည်ပတင်ပို့ ရောင်းချနိုင်ရန်အတွက် ကုမ္ပဏီနှင့် ဒေသဆိုင်ရာတောင်သူများ အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး Contract Farming (CF) စနစ်ဖြင့် စပါးများအား ဝယ်ယူ၍ ကုမ္ပဏီပိုင်ဆန်စက်များတွင် သိုလှောင် ကြိတ်ခွဲ၍သော်လည်းကောင်း၊ ကုမ္ပဏီနှင့် အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်ခဲ့သော ပြည်တွင်း Supplier များနှင့် စာချုပ်ချုပ်ဆို၍သော်လည်းကောင်း၊ မိတ်ဖက်ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍သော်လည်းကောင်း၊ Myanmar Rice Federation (MRF) အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော G to G လုပ်ငန်းများတွင် ပူးပေါင်းပါဝင်၍သော်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအား ဆောင်ရွက် ခဲ့ခြင်းဖြစ်ပါသည်။

MAPCO အနေဖြင့် ယခုနှစ် တွင် မြန်မာနိုင်ငံမှ ထွက်ကုန်ဖြစ်သော ဆန်၊ ဆန်ကွဲ၊ ပဲတီစိမ်း နှင့် နံစားပြောင်းများကို တရုတ်နိုင်ငံ အစိုးရပိုင်အဖွဲ့ဖြစ်သည့် COFCO အပါအဝင် အခြား Buyer များ၊ EU နိုင်ငံများဖြစ်သော Czech နိုင်ငံ၊ Ukraine နိုင်ငံ၊ Estonia နိုင်ငံများသို့ တင်ပို့နိုင်ခဲ့ပြီး အခြားနိုင်ငံများသို့လည်း တင်ပို့နိုင်ရန်အတွက် ဈေးကွက်ချဲ့ထွင်မှုများ လုပ်ဆောင်လျက်ရှိပါသည်။

၂၀၂၃ခုနှစ် ပြည်တွင်း ဆန်/စပါးဈေးနှုန်းများမှာ နှစ်စပိုင်းတွင် တည်ငြိမ်နေသော်လည်း နောက်ပိုင်းတွင် ပြည်တွင်း စပါးဈေးနှုန်းများမှာ ပျမ်းမျှအားဖြင့် တင်း(၁၀၀)လျှင် သိန်း(၂၀)ခန့်အထိ မြင့်တက်လာမှုကြောင့် ဆန်တင်ပို့ခြင်းလုပ်ငန်းကို များစွာသက်ရောက်မှုရှိခဲ့ပါသည်။ သို့သော်လည်း အုပ်ချုပ်မှုဒါရိုက်တာ၏ လမ်းညွှန်မှုဖြင့် ဒါရိုက်တာများ၊ ဌာနအကြီးအကဲများ စုပေါင်း၍ အခက်အခဲများစွာကို ရင်ဆိုင်ကျော်လွှားကာ ဆန်၊ ဆန်ကွဲ၊ ပဲတီစိမ်းနှင့် နံစားပြောင်း စုစုပေါင်းတန်ချိန် (၁၀,၀၀၀)ကျော်ကို တင်ပို့နိုင်ခဲ့ပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (၄.၃) မီလီယံကျော်ကို ရှာဖွေနိုင်ခဲ့ပါသည်။

ထို့အပြင် ဆန်စပါးလုပ်ငန်းကိုသာမက အခြားဝင်ငွေရရှိနိုင်သောလုပ်ငန်းများဖြစ်သည့် ပြောင်း၊ ပဲ နှင့် ဆီထွက်သီးနှံများကိုပါ မိမိတို့၏ မိတ်ဖက်ဝယ်ယူသူများနှင့် ချိတ်ဆက်၍ ဈေးကွက်ချဲ့ထွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး နေပြည်တော် ဆန်စက်၊ လှိုင်သာယာဆန်စက်များအပြင် မြောင်းမြဆန်စက်၊ တွံတေးဆန်စက်နှင့် MAPCO နှင့် Yangon Agri Food တို့မှ အကျိုးတူပူးပေါင်းဆောင်ရွက် လုပ်ဆောင်လျက်ရှိသော တိုက်ကြီးမြို့နယ်ရှိ ဆန်စက်အားလုံးကိုလည်း စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# ရခိုင်ပြည်နယ် စစ်တွေဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅% တန်းမြင့်ဆန် တင်ပို့ခဲ့မှုလုပ်ငန်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စီစဉ်မှုဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ Myanmar White Rice 5% တန်းမြင့်ဆန် တန်ချိန် (၂၀၀,၀၀၀) အား G to G စနစ်ဖြင့် တင်ပို့မှုတွင် MAPCO အနေဖြင့် တန်ချိန် (၂,၅၀၀) အား ပါဝင်တင်ပို့နိုင်ခဲ့ပါသည်။ အဆိုပါ တန်ချိန် (၂,၅၀၀) အား ရခိုင်ပြည်နယ်မှတဆင့် တင်ပို့နိုင်ရန်အတွက် ရခိုင်ပြည်နယ်ဆန်စက်အသင်းနှင့် ဆက်သွယ်၍ စစ်တွေမြို့ရှိ ဆန်စက်များကို MAPCO မှ တာဝန်ရှိသူများ သွားရောက်လေ့လာခဲ့ပြီး ကျောက်တော်ရှိ ဆန်စက်လုပ်ငန်းရှင်များထံမှ လိုအပ်သော တန်းမြင့်ဆန်များအား ဝယ်ယူပြီး ကျောက်တော်မှ စစ်တွေသို့ သယ်ယူကာ ဆိပ်ကမ်းရှိ ဂိုဒေါင်တွင် ခေတ္တသိုလှောင်ထားခဲ့ပါသည်။ တန်းမြင့်ဆန် တန်ချိန် (၂,၅၀၀) တင်ဆောင်မည့် MCL 11 သင်္ဘောမှာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့တွင် စစ်တွေမြို့ရှိ Kaladan Multimodal Transit Transport Project (KMTTP) ဆိပ်ကမ်းသို့ ဆိုက်ကပ်ရာ ၎င်းနေ့တွင်ပင် သင်္ဘောတင်လုပ်ငန်းစတင်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့တွင် လုပ်ငန်းအားလုံးပြီးစီးကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။ ဆန်တင်ပို့ချိန်တွင် အဆိုပါဆိပ်ကမ်းမှာ ဖွင့်လှစ်ခြင်းမရှိသေးသောကြောင့် ဆိပ်ကမ်းမဖွင့်မီ အသုံးပြုနိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ မှ Indiaနိုင်ငံ သံအမတ်နှင့် ဆွေးနွေးညှိနှိုင်းပေးခြင်း၊ သင်္ဘောတင်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့အစည်းများ၊ ဆိပ်ကမ်းအာဏာပိုင်များ၊ အကောက်ခွန် ဦးစီးဌာနအကြီးအကဲများနှင့် ကြိုတင်ဆွေးနွေးညှိနှိုင်းပေးခဲ့သဖြင့် အောင်မြင်စွာ တင်ပို့နိုင်ခဲ့ပါသည်။ ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်းမြင့်ဆန် တိုက်ရိုက်တင်ပို့မှုသည် ပထမဆုံးအကြိမ်အဖြစ် မှတ်တိုင်ထူနိုင်ခဲ့ပြီးလုပ်ငန်း အတွေ့အကြုံနှင့် အကျိုးအမြတ်များလည်းရရှိခဲ့ပါသည်။





Ready Cargo များအား ဆိပ်ကမ်းရှိ WH တွင် ထားရှိနေပုံ



သင်္ဘောဝမ်းထဲသို့ ကုန်ပစ္စည်းများ တင်ရန် ပြင်ဆင်နေပုံ




Cargo Loading ပြုလုပ်နေပုံ




SGS Inspection Team မှ ပိုးသတ်ခြင်း

## ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ နှစ်အလိုက် ပြည်ပတင်ပို့မှုအခြေပြဇယား




| | 2015-2016 | 2016-2017 | 2017-2018 | 2018-2019 | 2019-2020 | 2020-2021 | 2021-2022 | 2022-2023 |
|---|---|---|---|---|---|---|---|---|
| MT | 23400 | 13635 | 14267 | 33653 | 40269 | 27174 | 38846 | 10055 |
| USD | 8467 | 4514 | 4509 | 10441 | 13784 | 11115 | 17098 | 2741 |

## ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ နိုင်ငံအလိုက် ပြည်ပတင်ပို့မှုအခြေပြဇယား




| Country | MT |
|---|---|
| China | 41,468 |
| Europe | 2,933 |
| Bangladesh | 2,500 |
| Philippines | 2,000 |

## ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း ပို့ကုန်အမျိုးအစားအလိုက် တင်ပို့မှုအခြေအနေ

| Commodity | MT |
|---|---|
| E 5% | 2860 |
| E 10% | 2860 |
| A 1:2 | 3144 |
| Green Mung Bean | 300 |
| Parboiled Rice | 441 |
| Sorghum | 450 |



# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် Crop Purchasing Department ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတင်ပြချက်

Crop Purchasing Department (CPD)ဌာနသည် (၁.၁၂.၂၀၂၂)ရက်နေ့တွင် စတင်၍ ဖွဲ့စည်းလိုက်သော ဌာနအသစ်ဖြစ်ပါသည်။ ဌာနအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ သီးနှံများ ဝယ်ယူခြင်းနှင့် ကန်ထရိုက်လယ်ယာလုပ်ငန်းများကို အုပ်ချုပ်မှုဒါရိုက်တာ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ထိရောက်လျှင်မြန်စွာဆောင်ရွက်လျက်ရှိပါသည်။

ကန်ထရိုက်လယ်ယာလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ၂၀၂၂ခုနှစ်၊ မိုးစပါးရာသီတွင် နေပြည်တော်ကောင်စီနယ်မြေ၌ စိုက်ဧက (၈၇၀)၊ ရန်ကုန်တိုင်းတွင် (၂၀၃၈)ဧက၊ ဧရာဝတီတိုင်းတွင် စိုက်ဧက (၈၆၀)ဧကတို့ဖြင့် စုစုပေါင်းစိုက်ဧက (၃၇၆၈)ဧကအား စိုက်ပျိုးထုတ်လုပ်၍ ကြိတ်ခွဲထွက်ရှိလာသော ဆန်များအား ပြည်တွင်းရောင်းချခြင်းနှင့် ပြည်ပတင်ပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၃ခုနှစ်၊ နွေစပါးရာသီတွင် MAPCO မှ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် (၅၅၂)ဧက၊ ရန်ကုန်တိုင်းတွင် (၁၆၈၂)ဧက၊ ဧရာဝတီတိုင်းတွင် (၂၆၃၁)ဧက စုစုပေါင်း (၄၈၆၅)ဧကအား ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူကုမ္ပဏီအဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံစီးပွားမြှင့်တင်ရေးစီမံကိန်းသည် နိုင်ငံတော်၏ အားပေးပံ့ပိုးမှုဖြင့် နိုင်ငံစီးပွား မြှင့်တင်ရေး ရန်ပုံငွေထူထောင်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးပြည့်မီသော သွင်းအားစုများအား ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရေး၊ သီးနှံထုတ်လုပ်မှု မြင့်မားရေး၊ ဈေးကွက်ခိုင်မာ၍ ဈေးနှုန်းသေချာစေရေးတို့ကို ရေးရှု၍ စိုက်ပျိုးထုတ်လုပ်သူ တောင်သူအစုအဖွဲ့များနှင့် ကြိတ်ခွဲရောင်းဝယ်သူများအကြားတွင် သဘောတူညီချက်များချမှတ်၍ ဆောင်ရွက်သည့် စီမံကိန်းဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက်မှု၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်စီစဉ်မှု၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် တောင်သူလယ်သမားအစုအဖွဲ့၊ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူများပါဝင်သည့် အစုအဖွဲ့၊ သွင်းအားစု အစုအဖွဲ့တို့က ပူးပေါင်းပါဝင်ဆောင်ရွက်သည့် စီမံကိန်းတစ်ခုလည်း ဖြစ်ပါသည်။

ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့ဆိုသည်မှာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အဖွဲ့ဝင်များဖြစ်သော Exporter ကုမ္ပဏီများ၊ ဆန်စက်များ၊ တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အဖွဲ့ဝင်မဟုတ်သော ဆန်စက်များ၊ မြို့နယ်သမဝါယမအသင်းစု၊ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ်တို့ပါဝင်သည့် အစုအဖွဲ့ကို ဆိုလိုပါသည်။

အောက်ပါရည်ရွယ်ချက်များဖြင့် စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) တောင်သူများအနေဖြင့် အရည်အသွေးပြည့်မီသော သွင်းအားစုများအား သက်သာသော ဈေးနှုန်းဖြင့် သုံးစွဲနိုင်စေရန်၊ သွင်းအားစုများ ထည့်သွင်းအသုံးပြုခြင်းဖြင့် တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်လာစေရန်။

( ခ ) ဈေးနှုန်းနှင့်ဈေးကွက်သေချာခြင်း၊ တောင်သူများဝင်ငွေပိုမိုရရှိစေခြင်းတို့ဖြင့် နိုင်ငံစီးပွား တိုးတက်မြင့်မားလာစေရန်

( ဂ ) အကျိုးတူလယ်ယာစနစ်ဆောင်ရွက်သူ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြည်တွင်း / ပြည်ပဈေးကွက်များသို့ ပိုမိုချိတ်ဆက်ရရှိစေရန်

(ဃ) စီမံကိန်းတွင်ပါဝင်သော အစုအဖွဲ့အားလုံး အကျိုးအမြတ်ကိုယ်စီရရှိစေရန်

( င ) အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာစေရန်

( စ ) ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်






နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်
နွေစပါးစီမံကိန်းဆောင်ရွက်ရန်
တွေ့ဆုံညှိနှိုင်းခြင်းနှင့်
စာချုပ်ချုပ်ဆိုခြင်း

နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှရရှိသော တစ်ဧကလျှင် ချေးငွေ(၂၀၀,၀၀၀)ကျပ်နှင့်ညီမျှသည့် သွင်းအားစုပစ္စည်းများအား စိုက်ပျိုးထုတ်လုပ်သူတောင်သူအစုအဖွဲ့အား ထောက်ပံ့ပေးခြင်းဖြစ်ပါသည်။ MAPCO နှင့် ဤစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် တောင်သူများအား ကျပ်သိန်းကိုးထောင်ကျော် တန်ဖိုးရှိ သွင်းအားစုများကိုထောက်ပံ့ပေးနိုင်ခဲ့ပြီး၊ ပူးပေါင်းဆောင်ရွက်ခဲ့သည့် သွင်းအားစုကုမ္ပဏီအနေဖြင့်လည်း သွင်းအားစုဖိုးငွေများ ရရှိခဲ့ပါသည်။

စီမံကိန်းဝင်တောင်သူများမှ သီးနှံပေါ်ချိန်တွင် တစ်ဧကလျှင် ချေးငွေ(၂၀၀,၀၀၀)ကျပ်နှင့်ညီမျှသည့် စပါးအားလည်းကောင်း၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်ကြွေးကျန်ရှိသည့် တောင်သူမှ ကြွေးကျန်ပမာဏ၏ ၂၅% တန်ဖိုးရှိ စပါးအားလည်းကောင်း စာချုပ်တွင် သတ်မှတ်ထားသော အရည်အသွေး၊ စံချိန်စံညွှန်း၊ အလေးချိန်များအတိုင်း စာချုပ်ချုပ်ပြီးသည့်နေ့မှ ရက်ပေါင်း (၁၅၀)အတွင်း ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ အစုအဖွဲ့သို့ ကာလဒေသပေါက်ဈေးဖြင့် မပျက်မကွက် ရောင်းချပေးရပါသည်။

ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့မှ စီမံကိန်းဝင်တောင်သူများ ရောင်းချလာသည့် စပါးအား ကာလဒေသပေါက်ဈေးဖြင့် ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲရောင်းချခြင်းတို့မှ ရရှိလာသည့် အကျိုးအမြတ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရယူထားသည့်ချေးငွေပမာဏအား စာချုပ်ချုပ်ပြီးသည့်နေ့မှ ရက်ပေါင်း(၁၈၀)အတွင်း နိုင်ငံတော်သို့ ဝန်ဆောင်ခ ၁% (ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့မှ ၀.၅% နှင့် သွင်းအားစုအစုအဖွဲ့မှ ၀.၅% ) နှင့်အတူ ပြန်လည်ပေးသွင်းရပါသည်။




ကန်ထရိုက်လယ်ယာ
တောင်သူများအား
သွင်းအားစုများ
ပေးအပ်ခြင်း

MAPCO အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်းမှ (၁၆၈၂)ကေနှင့် ဧရာဝတီတိုင်းမှ (၂၆၃၁) ကေ၊ စုစုပေါင်း (၄၃၁၃) ကေအတွက် ရယူထားသည့် ချေးငွေအား နိုင်ငံတော်သို့ အပြည့်အဝ ပြန်လည်ပေးသွင်းပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံချက်ဖြင့် ကန်ထရိုက်လယ်ယာစနစ်တွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးတူသီးနှံများကို တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်ခြင်း၊ ပြည်တွင်း/ပြည်ပ ဈေးကွက်နှင့် အလွယ်တကူချိတ်ဆက်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ်ရရှိမှုသေချာခြင်း၊ စီမံကိန်းတွင် ပူးပေါင်းပါဝင်သူ တောင်သူအစုအဖွဲ့၊ ကြိတ်ခွဲရောင်းချသူကုမ္ပဏီ၊ ဆန်စက်ပိုင်များ၊ သွင်းအားစု အစုအဖွဲ့များ၊ အစိုးရဌာနများအား လုံးပူးပေါင်းဆောင်ရွက်၍ လယ်ယာစီမံခန့်ခွဲမှု အားကောင်းလာကာ အစုအဖွဲ့တွင် ပါဝင်သူအားလုံး အကျိုးအမြတ်ကိုယ်စီရရှိပြီး၊ တောင်သူများ ဝင်ငွေတိုးတက်လာကာ ကျေးလက်လူမှုစီးပွား တိုးတက်လာကြပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

၂၀၂၃ခုနှစ်၊ မိုးစပါးရာသီတွင်လည်း နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကန်ထရိုက်လယ်ယာစနစ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။



ကန်ထရိုက်
လယ်ယာမှ
ထွက်ရှိလာသည့်
စပါးများ
ပြန်လည်
သိမ်းဆည်းခြင်း

# MAPCO EMR Department လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

Engineering, Maintenance & Repair Department ကို လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းများ၊ ဆန်စက်အင်ဂျင်နီယာလုပ်ငန်းများ၊ တည်ဆောက်ရေးနှင့် ပြုပြင်မွမ်းမံရေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ရန် ဌာနတစ်ခုအဖြစ် ဖွဲ့စည်းထားပါသည်။ MAPCO ၏ဆန်စက်များ၊ သိုလှောင်ရုံများ တည်ဆောက်သည့်နေရာတွင် ကုန်ကျစရိတ် သက်သာစေရန်နှင့် အရည်အသွေး၊ အဆင့်အတန်းမှီဖြစ်စေရန် ရည်ရွယ်ပြီး MAPCO ၏ စီမံကိန်းလုပ်ငန်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်ရပြီး အဆောက်အဦး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအပြင် ဆန်စက်နှင့်သက်ဆိုင်သော စက်အပိုပစ္စည်း ထုတ်လုပ်ခြင်းနှင့် စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ဝန်ထမ်းများဖြင့် တာဝန်ယူဆောင်ရွက်လျှက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးမြို့နယ် ASC စခန်းတွင် MAPCO ၏ သိုလှောင်ရုံအဆောက်အဦးအား EMR ဌာနမှ တာဝန်ယူတည်ဆောက်နေပါသည်။ အဆိုပါ အလျား ၂၂၀ပေ x အကျယ် ၈၀ပေ x အမြင့် ၂၇ပေ သိုလှောင်ရုံတည်ဆောက်ခြင်း လုပ်ငန်းများမှာ ၉၀% အထိပြီးစီးနေပြီဖြစ်ပါသည်။ အဆောက်အဦးပြီးစီးပါက PP အိတ်ခွံ ထုတ်လုပ်မှုလုပ်ငန်းအပါအဝင် လိုအပ်ပါက ဆန်၊ စပါး သို့မဟုတ် ဓာတ်မြေဩဇာများ သိုလှောင်ထားရှိနိုင်မည်ဖြစ်ပါသည်။





တွံ့တေးတွင် တည်ဆောက်နေသည့် သိုလှောင်ရုံအဆောက်အဦး

---

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရင်းတိုက်ကွင်းကျေးရွာတွင် MAPCO နှင့် Yangon Agri-Food Co.,ltd. တို့ ပူးပေါင်း၍ လုံးတီးဆန်စက်စီမံကိန်းအား ဆောင်ရွက်နေပါသည်။ ၎င်းလုံးတီးဆန်စက်စီမံကိန်းတွင် 10 Ton/hr SATAKE အဆင်မြင့် လုံးတီးကြိတ်ခွဲစက်၊ 30 MT ကိုရီးယား စပါးအခြောက်ခံစက်၊ ၁၀၀ ပေ x ၅၀ ပေ သိုလှောင်ရုံ၊ ဓာတ်မြေဩဇာအရောင်းပြခန်းနှင့် ရုံးခန်းအဆောက်အဦးတို့အား တည်ဆောက်နေပါသည်။





တိုက်ကြီးလုံးတီးဆန်စက်စီမံကိန်းနေရာ

တိုက်ကြီးလုံးတီးဆန်စက် တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်လျှက်ရှိရာ ၂၀၂၃ ခုနှစ် အောက်တိုဘာလထိ ပြီးစီးမှုမှာ ၁၀၀% ခန့်ပြီးစီးနေပြီဖြစ်ပါသည်။ MAPCO ကုမ္ပဏီ၏ Contract Farming မှ ရရှိလာသောစပါးများကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း လုံးတီးကြိတ်ခွဲမှုများ စတင်လည်ပတ်နိုင်ရေး ရည်မှန်းပြီးဆောင်ရွက်နေပါသည်။



လုံးတီးဆန်စက်တပ်ဆင်ထားသည့် ဆန်စက်အဆောက်အဦး

တိုက်ကြီးလုံးတီးဆန်စက်တွင် အခြောက်ခံစက်တစ်စုံတပ်ဆင်ထားပြီး Contract Farming မှ ရရှိလာသော စပါးများ အခြောက်ခံခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ၂၀၂၃ ခုနှစ် မိုးစပါးကာလတွင် မိမိတို့စပါးများအပြင် ပြင်ပမှ စပါးများ နဝလီအခြောက်ခံမှုများကို လက်ခံဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားပါသည်။



တိုက်ကြီးဆန်စက်တွင် တပ်ဆင်ထားသည့် အခြောက်ခံစက်

Contract Farming မှ ရရှိလာသောစပါးများနှင့် လုံးတီးကြိတ်ခွဲပြီး ဆန်အိတ်များ ထားသိုရန်အတွက် အလျား ၁၀၀ ပေ x အကျယ် ၅၀ ပေ၊ သိုလှောင်ရုံ တစ်လုံးတည်ဆောက်နေပြီး ၉၅% ခန့်ပြီးစီးနေပြီဖြစ်ပါသည်။ ထိုပြင် တောင်သူများအား ဓာတ်မြေသြဇာ ဖြန့်ဖြူးရောင်းချပေးနိုင်ရန်အတွက်လည်း ရုံးခန်းနှင့်တွဲ၍ အရောင်းပြခန်း အဆောက်အဦးတစ်လုံး တည်ဆောက်လျှက်ရှိရာ ၈၅% ခန့် ပြီးစီးပြီဖြစ်ပါသည်။






ဓာတ်မြေသြဇာအရောင်းပြခန်းနှင့် ရုံးခန်းအဆောက်အဦး



သိုလှောင်ရုံအဆောက်အဦး



မြေကွက်အတွင်း မြတ်ပင်များ ရှင်းလင်းခြင်း



သီလဝါဆိပ်ကမ်းတွင် အလျား ၃၀၀ ပေ x အကျယ် ၁၂၀ ပေ ဓာတ်မြေသြဇာသိုလှောင်ရုံတည်ဆောက်ရန်နှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအတွက် ဒီဇိုင်းနှင့်ဈေးနှုန်းပြင်ဆင်ခြင်း၊ မြေကွက်အား ရှင်းလင်းခြင်းများကို ဆောင်ရွက်ထားကြောင်း ဖော်ပြအပ်ပါသည်။




သီလဝါမြေကွက်တွင် တည်ဆောက်မည့် သိုလှောင်ရုံအဆောင်အဦးပုံစံ

သီလဝါဆိပ်ကမ်း၊ အကွက်အမှတ်(၂၈) MAPCO ပိုင်အကွက်ပေါ်တွင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေဆဲဖြစ်ပါသည်။





ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်ဂုန်နီစက်ရုံကမ်းနားတွင် စပါးခွံရရှိရေးအတွက်လုံးတီးဆန်စက် (10tons/ hr) တည်ဆောက်ရန် အလျား ၂၀၀ ပေ x အကျယ် ၈၀ ပေ x အမြင့် ၂၈ ပေ သိုလှောင်ရုံအဆောက်အဦးတည် ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး ၄၀% ခန့် ပြီးစီးနေပြီ ဖြစ်ပါသည်။








မြောင်းမြတွင် တည်ဆောက်နေသော သိုလှောင်ရုံတည်ဆောက်ရေးလုပ်ငန်း

မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ (Agricultural Sector) နှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုလက်မှုလုပ်ငန်းများ (Agri based Industries) နှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စားသောက်ကုန် လုပ်ငန်းများ (Agri-food Industries)၊ လာရောက်ရင်းနှီးမြှုပ်နှံသော FDI Projects များအတွက် တည်ဆောက်ရေး လုပ်ငန်းများတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်တပ်ဆင်ရေးလုပ်ငန်းများကို Turnkey စနစ်ဖြင့်ဖြစ်စေ၊ Semi Turnkey စနစ်ဖြင့်ဖြစ်စေ ဆောက်လုပ်ရေးဝန်ဆောင်မှုများပေးနိုင်ရန် EMR ဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဦးစားပေးဆောင်ရွက်နေပါသည်။

# ဓါတ်မြေဩဇာ တင်သွင်းဖြန့်ဖြူးရောင်းချမှု လုပ်ငန်းဆောင်ရွက်မှုများ

Mapco Golden Lace ကုမ္ပဏီသည် MAPCO Company မှ ၁၀၀% ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီဖြစ်ပြီး စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာများကို ပြည်ပနိုင်ငံများ UAE ၊ Malaysia နိုင်ငံတို့မှ တင်သွင်း၍ ဖြန့်ဖြူးရောင်းချနေသောကုမ္ပဏီတစ်ခုဖြစ်ပါသည်။

၂၀၂၁- ၂၀၂၂ ခုနှစ်အတွင်း ယူရီးယားမြေဩဇာ တန်ချိန် (၄၇၈၁)နှင့် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း တန်ချိန် (၁၅၅၆၅) တန်ချိန် စုစုပေါင်း တန်ချိန် (၂၀၃၄၆) တို့အား တင်သွင်းခဲ့ပြီး ယခု ၂၀၂၂- ၂၀၂၃ ခုနှစ်အတွင်း တင်သွင်း တန်ချိန် (၁၈၉၄၇) ရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် အဓိက ဖြန့်ဖြူးရောင်းချလျှက်ရှိပါသည်။ မြေဩဇာဖြန့်ဖြူးရောင်းချရာတွင် ကုမ္ပဏီများသို့ လက်ကားစနစ်ဖြင့်လည်းကောင်း၊ ဓာတ်မြေဩဇာအရောင်းဆိုင်များသို့ အပ်ကုန်စနစ်/ လက်ငင်းစနစ်ဖြင့်လည်းကောင်း၊ တောင်သူများသို့ တိုက်ရိုက်လက်လီစနစ်ဖြင့်လည်းကောင်း "ကင်ဇို" အမှတ်တံဆိပ်ဖြင့် ရောင်းချလျက်ရှိပါသည်။ အပ်ကုန်စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသော အရောင်းဆိုင်ပေါင်း (၂၈) ဆိုင် ရှိပါသည်။

၂၀၂၁-၂၀၂၂ ခုနှစ် နွေစပါးရာသီတွင်လည်း Contract Farming ဆောင်ရွက်သော ကုမ္ပဏီများနှင့် ချိတ်ဆက်ပူးပေါင်း၍ ကင်ဇိုယူရီးယားမြေဩဇာများ၊ ကင်ဇိုကွန်ပေါင်းမြေဩဇာများအား ဒေသအသီးသီးရှိ တောင်သူများဆီသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ ကင်ဇိုကွန်ပေါင်း ( NPK Fertilizer) အား ဈေးကွက်မိတ်ဆက်အနေဖြင့် စတင်တင်သွင်းဖြန့်ဖြူးရောင်းချခဲ့ပြီး လာမည့်နှစ်များတွင် တစ်နိုင်ငံလုံး အတိုင်းအတာသို့ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် တင်သွင်းရန်စီစဉ်ဆောင်ရွက်နေပါသည်။






ယူရီးယားမြေဩဇာများ Warehouse တွင် သိုလှောင်ထားပုံ



ဆိပ်ကမ်းမှ ယူရီးယား( Jumbo) အိတ်များ Warehouse သို့ သယ်ယူပို့ဆောင်ပုံ



ဘဏ္ဍာရေးနှစ်အလိုက် Mapco Golden Lace ကုမ္ပဏီမှ တင်သွင်းသည့် မြေသြဇာ တန်ချိန်များ

| စဉ် | ဘဏ္ဍာနှစ် | ပစ္စည်းအမည် | တန်ချိန် | တင်သွင်းသည့်နိုင်ငံ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂၀၂၁-၂၀၂၂ | ယူရီးယား (၄၆%) | ၄၇၈၁ | UAE | |
| | ဇန်နဝါရီ-၂၀၂၂ | | ၂၀၀၀ | | |
| | မတ်-၂၀၂၂ | | ၂၇၈၁ | | |
| ၂ | ၂၀၂၂-၂၀၂၃ | ယူရီးယား (၄၆%) | ၁၅၅၆၅ | UAE | |
| | ဇွန်-၂၀၂၂ | | ၂၅၆၅ | | |
| | ဩဂုတ်-၂၀၂၂ | | ၅၀၀၀ | | |
| | ဒီဇင်ဘာ-၂၀၂၂ | | ၆၀၀၀ | | |
| | မတ်-၂၀၂၃ | | ၂၀၀၀ | | |
| ၃ | ၂၀၂၃- ဇန်နဝါရီ | ကွန်ပေါင်း (၁၀: ၁၈:၁၈) | ၆၀၀ | Malaysia | |
| ၄ | ၂၀၂၃-၂၀၂၄ | ယူရီးယား (၄၆%) | ၁၈၉၄၇ | UAE | |
| | မေ-၂၀၂၃ | | ၁၃၄၄၇ | | |
| | ဇူလိုင်-၂၀၂၃ | | ၅၅၀၀ | | |






ယူရီးယားမြေသြဇာများ Warehouse တွင်
50 Kg အိတ်များအဖြစ် ပြန်လည်ထုပ်ပိုးနေပုံ

# နေပြည်တော်ဖွဲနုဆီစက်ရုံစီမံကိန်း

ဆန်စပါးလုပ်ငန်း၏ ဘေးထွက်ပစ္စည်းဖြစ်သော ဖွဲနုမှစားသုံးဆီထုတ်လုပ်ရန် MAPCO အနေဖြင့် ၂၀၁၄ ခုနှစ်ကတည်းက လေ့လာသုံးသပ် ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) တို့၏ အားပေးကူညီမှုဖြင့် သီးခြားကုမ္ပဏီဖြစ်သော Myanmar Rice Bran Oil Company Limited (MRBO) အားဖွဲ့စည်းထူထောင်ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း ပျဉ်းမနားမြို့နယ်၊ မယ်ဇလီကုန်းကျေးရွာအုပ်စုရှိ MAPCO ပိုင် မြေဧရိယာ (၈.၆၆)ဧကပေါ်တွင် ဖွဲနုဆီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါစီမံကိန်းအား MAPCO ကုမ္ပဏီပိုင် ဆန်စက်နှင့် အနီးတဝိုက်ရှိ အခြားဆန်စက်များ၏ ဘေးထွက်ပစ္စည်းဖြစ်သည့် ဖွဲနုကို တန်ဖိုးမြှင့်တင်ထုတ်လုပ်မည့် ဖွဲနုဆီထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းအား အဆင့်မြင့်နည်းပညာများ၊ ခေတ်မီစက်ကိရိယာများဖြင့် လုပ်ကိုင်ထုတ်လုပ်ကာ ဒေသတွင်း စားသုံးဆီ ဖူလုံရေးနှင့် သွင်းကုန်အစားထိုးရေးအတွက် အဓိကရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

စီမံကိန်းမှ ထွက်ရှိလာမည့် ဆီကြမ်းများအား ဖွဲနုဆီချောထုတ်စက်ရုံအတွက် ပြန်လည်အသုံးပြုသွားမည်ဖြစ်ပြီး ဖွဲနုဆီကြမ်း ထုတ်လုပ်ရာတွင် ထွက်ရှိလာသော ဘေးထွက်ပစ္စည်းဖြစ်သည့် ဆီထုတ်ပြီးဖွဲဖတ် (Defatted Bran) သည် တိရစ္ဆာန်အစာလုပ်ငန်းအတွက် အဓိကအထောက်အကူပြုနိုင်သော ကုန်ကြမ်းဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းအတွက်လည်း တန်ဖိုးမြှင့်ကုန်ကြမ်း အလွယ်တကူ ရရှိနိုင်မည် ဖြစ်ပါသည်။ ဆီချောစက်ရုံမှ ထွက်ရှိလာမည့် ကုန်ချော (ဖွဲနုစားဆီ - Edible Rice Bran Oil) အား ပြည်တွင်းစားသုံးဆီ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး ပြည်တွင်းစားသုံးဆီလိုအပ်ချက်အား တဖက်တလမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

အဆိုပါ စီမံကိန်း အကောင်အထည်ဖော်ရန် ဖွဲနုဆီ လုပ်ငန်းကျွမ်းကျင်ပညာရှင်များနှင့်အတူ တပ်ဆင်မည့် စက်ဒီဇိုင်းညှိနှိုင်းခြင်း၊ ဈေးနှုန်းများစိစစ်ခြင်း၊ နည်းပညာဆိုင်ရာ ကိစ္စများဆွေးနွေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)ထံသို့ အဆိုပြုတင်ပြထားကာ လုပ်ငန်းစတင်အကောင်အထည်ဖော် တည်ဆောက်သွားရန် စီစဉ်ထားပါကြောင်းဖော်ပြအပ်ပါသည်။

## မိုးရိုးဖလာလယ်ယာလုပ်ငန်းများအား Smart Farm အဖြစ်ပြောင်းလဲမည့် Agri-Tech Platform Project

Agri-Tech Platform သည် MAPCO မှဦးဆောင်ကာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) နှင့် ပူးပေါင်း၍ ဆန်၊ ကောက်ပဲသီးနှံနှင့်ပတ်သတ်သော စိုက်ပျိုး/ထုတ်လုပ်မှု စ/လယ်/ဆုံးဖြစ်စဉ် တစ်ခုလုံးကို နည်းပညာသုံးမှတ်တမ်းတင်နိုင်မည့် နိုင်ငံတစ်ဝန်းအသုံးပြုနိုင်သော Application ဖြစ်သည်။ အိန္ဒိယနိုင်ငံ၊ Cropin Technology (https://www.cropin.com/) မှ ဝယ်ယူအသုံးပြုမည့် Cropin Platform Software ကို စမတ်တယ်လီဖုန်း (Smart Mobile Phone Handset) များတွင် ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်ပြီး သီးနှံမှတ်တမ်းတင်ခြင်း၊ သီးနှံကျန်းမာရေးအတွက်နှုန်းများ ကြိုတင်ခန့်မှန်းခြင်းနှင့် (Crop identification, Crop health, Yield monitoring) အစရှိသည်တို့ကို လုပ်ဆောင်ပေးမည်ဖြစ်သည်။

ထို့အပြင် Agri-Tech Platform အသုံးပြုပြီး ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းဘဏ်များနှင့် ချိတ်ဆက်ကာ စိုက်ပျိုးစရိတ်အား အဆိုပါ Platform မှတဆင့်ပေးခြင်းတို့ကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**လယ်မြေရွေးချယ်ခြင်းနှင့် လိုအပ်ချက်များ**

လယ်မြေအကျယ်အဝန်းအနည်းဆုံး ၁ ဧကအပြည့် (၀.၅ Ha) ရှိရန်လိုအပ်ပြီး မြန်မာနိုင်ငံအနှံ့အပြားရှိ စိုက်ပျိုး/ထုတ်လုပ်သူများအားလုံး အသုံးပြုနိုင်စေရန် ရည်ရွယ်သော်လည်း Phase 1 အနေဖြင့် နေပြည်တော်နှင့်အနီးတဝိုက်ရှိ စပါးလယ်ကွက်များတွင် စတင်အကောင်အထည်ဖော် စမ်းသပ်အသုံးပြုမည်ဖြစ်ကာ နောင်တွင် တခြားသီးနှံစိုက်သည့် တောင်သူများနှင့်ပါ ချိတ်ဆက်အသုံးပြုနိုင်ရန် ရည်ရွယ်ထားပါသည်။

**အကျိုးကျေးဇူးများ**

Agri-Tech Platform တွင် Data များထည့်သွင်းကာ Smart Farm အဖြစ်ပေါင်းလဲခြင်းဖြင့် လယ်ယာလုပ်ကိုင်ဆောင်ရွက်ခြင်းနှင့်ဆက်နွယ်သည့် ဖြစ်စဉ်တရပ်လုံးကို အောက်ပါအတိုင်း အကျိုးရှိစေမည်ဖြစ်သည်။

- Controllability
- Bankability
- Predictability
- Traceability, Visibility
- Future Ready

# ဖွဲ့နုမှ ဖွဲ့နုဆီ ဆီကြမ်းထုတ်လုပ်ရေးစီမံကိန်းများ

စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများဖွံ့ဖြိုးခြင်းနှင့်အတူ အရည်အသွေးအဆင့်မီ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့်

(က) ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်မှုကဏ္ဍတိုးမြှင့်နိုင်ခြင်း။

(ခ) ဆန်စက်များမှထွက်လာသော ဘေးထွက်ပစ္စည်းကို တန်ဖိုးမြှင့်(Value Added) ထုတ်လုပ်နိုင်ခြင်း။

(ဂ) စီမံကိန်းတည်ရှိရာဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ခြင်း။

(ဃ) ဒေသခံ အသေးစား၊ အလတ်စား ဆန်စက်လုပ်ငန်းရှင်များအတွက် ဝင်ငွေတိုးတက်ရရှိ၍ အခြားစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ခြင်း ပူးပေါင်းလုပ်ဆောင်နိုင်ခြင်း။

ဖွဲ့နုဆီကြမ်း ထုတ်လုပ်ရန် တစ်ရက် ဖွဲ့နုတန်၂၀၀ လည်ပတ်နိုင်သော စက်ရုံနှင့် ဆီချော ထုတ်လုပ်ရန် တစ်ရက်ဆီကြမ်း တန် ၅၀ လည်ပတ်နိုင်သော စက်ရုံတို့အား မြောင်းမြ(MAPCO)စက်ရုံ၊ မအူပင်(MAPCO)စက်ရုံ၊ တွံတေး(IRCP)စက်ရုံနှင့် နေပြည်တော်(IRCP)စက်ရုံ ဧရိယာများတွင် တည်ဆောက်သွားရန် စီစဉ်လျက်ရှိပါသည်။

ဖွဲ့နုဆီစက်ရုံစီမံကိန်းအတွက် အိန္ဒိယနိုင်ငံမှ အတွေ့အကြုံရှိကုမ္ပဏီနှင့် MAPCO တို့ကြား နည်းပညာနှင့် စီမံခန့်ခွဲမှု အကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ Myanmar Rice Bran Oil Co., Ltd. ဖွဲ့စည်းတည်ထောင်ပြီး စီမံကိန်းအတွက် ဒီဇိုင်း၊ နည်းပညာပိုင်းဆိုင်ရာများကို ပြည်တွင်းဖွဲ့နုဆီ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခြင်း သက်ဆိုင်ရာဝန်ကြီးဌာန၊ စိုက်/မွေး/ဆည်ဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်၊ ထောက်ခံချက်များနှင့်အတူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံသို့ တင်ပြခွင့်ပြုချက် ရရှိရေးဆောင်ရွက်လျက်ရှိပါသည်။

ဒေသအလိုက် စီမံကိန်းတန်ဖိုး အမေရိကန်ဒေါ်လာ(၈)သန်းခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး၊ စီမံကိန်းမှထွက်ရှိလာသော ဆီကြမ်း (Crude Oil) ကို ဂျပန်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံအစရှိသည့် ပြည်ပနိုင်ငံများသို့လည်းကောင်း၊ ဆီချော (Finished Oil) ကို ပြည်တွင်း စားသုံးမှုအတွက်နှင့် အဆီထုတ်ပြီးဖွဲ့ဖတ် (Defatted Rice Bran) ကို ပြည်တွင်းရှိ တိရစ္ဆာန်အစာစပ်လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများသို့ ချိတ်ဆက်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါသည်။




| စီမံကိန်းအမည် | (မြောင်းမြ)ဖွဲ့နုဆီထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း |
|---|---|
| ပူးပေါင်းဆောင်ရွက်မည့်အဖွဲ့အစည်း | (၁၀၀ ရာခိုင်နှုန်း) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု |
| ရင်းနှီးမြှုပ်နှံမှုပမာဏ | **အမေရိကန်ဒေါ်လာ(၈)သန်း** |
| ရင်းနှီးမြှုပ်နှံမှုပုံစံ | ရင်းနှီးမြှုပ်နှံမှု၏ (၅၀ ရာခိုင်နှုန်း) အား ကုမ္ပဏီ၏ မတည်ရင်းနှီးငွေမှ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ၊ကျန်(၅၀ ရာခိုင်နှုန်း)အား ဘဏ်မှ ချေးငွေရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| မြေ/အဆောက်အဦးအကျယ်အဝန်းနှင့် အရေအတွက် | ပင်မစက်ရုံအတွင်းမြေဧရိယာနှင့် ပင်မစက်ရုံအပါအဝင်၊ သိုလှောင်ရုံ အဆောက်အဦ(၆)လုံး စုစုပေါင်းမြေဧရိယာ (၂၁.၇)ဧက |
| စက်ပစ္စည်းစွမ်းအား | တစ်ရက် တန်၂၀၀(ဖွဲ့နုဆီကြမ်းစက်ရုံ)<br>တစ်ရက် တန် ၅၀ (ဖွဲ့နုဆီချောစက်ရုံ) |
| တည်ဆောက်မှုအချိန်ကာလ | သက်ဆိုက်ရာဝန်ကြီးဌာန နှင့် ရင်းနှီးမြှုပ်နှံမှု ကော်မတီတို့၏ ခွင့်ပြုမိန့် ရရှိပြီး (၁၈လ) အတွင်း အပြီးတည်ဆောက်သွားပါမည်။ |
| စီမံကိန်းဆိုင်ရာ နောက်ဆုံး အခြေအနေ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊စိုက်ပျိုးရေးဦးစီး ဌာန သို့ သဘောထားမှတ်ချက်ရရှိရေး အဆိုပြုလွှာ(မူကြမ်း)တင်ပြ ထားပြီး၊ ခွင့်ပြုချက်ရရှိပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုလွှာ တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်သွားပါမည်။ |

(မြောင်းမြ)ဖွဲ့နုဆီထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်မည့် ပင်မစက်ရုံအတွင်းမြေလွတ်ဧရိယာနှင့် ပင်မစက်ရုံအပါအဝင်၊ သိုလှောင်ရုံအဆောက်အဦး (၆)လုံး စုစုပေါင်းမြေဧရိယာ (၂၁.၇) ဧက



# အိန္ဒိယနိုင်ငံ၏ ဖွဲနုဆီထုတ်လုပ်မှုနှင့် စက်ရုံတည်ဆောက်မှုစီမံကိန်းများအား သွားရောက်လေ့လာခဲ့မှု မှတ်တမ်းဓာတ်ပုံများ










# (MMFM) ၁.၈ မဂ္ဂါဝပ် စပါးခွံ လောင်စာသုံး ဓာတ်အားထုတ်လုပ်ရေးစက်ရုံမှ နိုင်ငံတော် ဓာတ်အားစနစ်ကွန်ယက်သို့ ဓာတ်အားထုတ်လုပ် ပို့လွှတ် ရောင်းချနိုင်ရေး စီစဥ်ဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်ရှိ မြောင်းမြ(MAPCO)စက်ရုံဝန်းအတွင်းတည်ဆောက်ထားသော (၁.၈)မဂ္ဂါဝပ် စပါးခွံလောင်စာသုံး ဓာတ်အားထုတ်လုပ်ရေးစက်ရုံကို ဂျပန်နိုင်ငံ Fujita Corporation မှ (၈၀%)နှင့် MAPCO မှ (၂၀%)ဖြင့် အကျိုးတူပူးပေါင်း၍ Myaung Mya FM Biomass Power Co., Ltd.(MMFM) ကို ဖွဲ့စည်းတည်ထောင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စက်ရုံတည်ဆောက်ရေးလုပ်ငန်း ၁၀၀% ပြီးစီးပြီ ဖြစ်ပါသည်။

စက်ရုံမှထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို မြောင်းမြ(ထောင်ကုန်း) ၆၆/၁၁ကေဗွီ ဓာတ်အားခွဲရုံ၏ ဓာတ်အားစနစ် ကွန်ယက်နှင့်ချိတ်ဆက်ပြီး နိုင်ငံတော်ဓာတ်အားစနစ်ကွန်ယက်သို့ ရောင်းချနိုင်ရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေလုပ်ငန်းနှင့် Myaung Mya FM Biomass Power Co., Ltd.(MMFM) ကြား လျှပ်စစ်ဓာတ်အား ဝယ်ယူရေးသဘောတူစာချုပ်ချုပ်ဆိုထားရှိပြီး၊ ၁၁-ကေဗွီဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ဓာတ်အားစနစ် ကွန်ယက်နှင့်ချိတ်ဆက်ရန် Switch Gear Panel များ၊ Transformer များဝယ်ယူထားရှိပြီး ၂၀၂၃ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် နိုင်ငံတော်ဓာတ်အားစနစ်ကွန်ယက်အတွင်းသို့ ဓာတ်အားထုတ်လုပ်ပို့လွှတ်ရောင်းချနိုင်ရေး စီစဥ်ဆောင်ရွက်လျှက်ရှိပါသည်။

Myaung Mya FM Biomass Power Co., Ltd. (MMFM) ၏ အကျိုးတူပူးပေါင်းဆောင်ရွက်မှုအရ Fujita Corporation ထံမှ အစုရှယ်ယာ ပြန်လည်လွှဲပြောင်းရယူပြီး ဓာတ်အားထုတ်လုပ်ရရှိပါက အကျိုးအမြတ်ပိုမိုရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။








# ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်တွင် လယ်ယာမြေ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေတင်ပြခြင်း

Myanmar Agribusiness Public Company Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကန်ဘဲ့ကျေးရွာအနီးရှိ ကုမ္ပဏီပိုင် စိုက်ပျိုးမြေ (၁၂၇.၀၆)ကေရှိသည့်အနက် (၉၉.၅၇) ကေသည် စိုက်ပျိုးလယ်မြေများဖြစ်ပါသည်။ ၎င်းစိုက်ပျိုးမြေကေများအနက် လက်ရှိစိုက်ပျိုး၍ ရသောမြေသည် (၅၀)ကေဖြစ်ပြီး ကျန်(၄၉.၄၇) ကေသည် မြေရိုင်းများဖြစ်ခြင်းကြောင့် မြေယာဖော်ထုတ်ရှင်းလင်းရန် လိုအပ်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်၊ မိုးရာသီ၌ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန်အတွက် မြေယာဖော်ထုတ်ရှင်းလင်းခြင်း လုပ်ငန်းများအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ မိုးရာသီ၌ မိုးစပါး (၄၁)ကေအား ပျိုးထောင်စနစ်ဖြင့် (၁၈.၇.၂၀၂၃)ရက်နေ့တွင် ကောက်စိုက်ပွဲကျင်းပ စိုက်ပျိုးခဲ့ပြီး နိဝင်ဘာလတွင် ရိတ်သိမ်းခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ နွေရာသီ စပါးစိုက်ပျိုးခဲ့သည့် အထွက်နှုန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ၁၃ ရာခိုင်နှုန်းမှ ၄၆ ရာခိုင်နှုန်းအထိ တိုးတက်ထွက်ရှိလာကြောင်း တွေ့ရှိခဲ့ပါသည်။ တစ်ဧကအထွက်နှုန်း မြင့်မားလာစေရန်အတွက် မြေ၊ ရေနှင့် ရာသီဥတုသည် အဓိကအရေးကြီးသည့် ကဏ္ဍများဖြစ်၍ မြေချဉ်ငံဓာတ်နှင့် အာဟာရဓာတ်များ မျှတလာစေရန် နစ်စဉ်မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။



၂၀၂၃ ခုနှစ်၊ မိုးစပါး စိုက်ပျိုးထုတ်လုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







# နွားမွေးမြူရေးလုပ်ငန်း

Myanmar Agribusiness Public Company Limited (MAPCO) သည် နေပြည်တော်၊ မြောင်းမြ၊ မအူပင်တို့ရှိ မြေလွတ်ဧရိယာများတွင်နွားမွေးမြူရေးလုပ်ငန်းကို အောက်တိုဘာလ ၂၀၂၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။အသားထုတ်လုပ်ခြင်း အပါအဝင် အခြားသော ရည်ရွယ်လျက်များ မပါဝင်ဘဲ သဘာဝမြေသြဇာထုတ်လုပ်နိုင်ရေးအတွက် အဓိကရည်ရွယ်ပြီး ဆောင်ရွက်ကာ မွေးမြူထားသော နွားများအား ဆန်စက်၏ ဘေးထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိလာသော ပစ္စည်းများဖြင့် ကျွေးမွေးစောင့်ရှောက် ထိန်းသိမ်းထားရှိပါသည်။

သဘာဝမြေသြဇာလုပ်ငန်းတွင် အသုံးပြုသောအဓိကကုန်ကြမ်းဖြစ်သည့် နွားချေးများရရှိရန်၊ ပြင်ပနွားမွေးသူများမှ လာရောက်အပ်နှံသည့် နွားများအား လက်ခံပြုစုစောင့်ရှောက်ပေးသည့် နွားမွေးမြူရေးဝန်ဆောင်မှုစင်တာ ဖွင့်လှစ်ရန် စသည့်ရည်ရွယ်ချက်တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ လက်ရှိတွင် နွားထီး (၁၇)ကောင်၊ နွားမ (၄၅)ကောင် နွားအကောင်ရေ စုစုပေါင်း (၆၂)ကောင် မွေးမြူထားပြီး သဘာဝမြေသြဇာများကိုလည်း စမ်းသပ်ထုတ်လုပ်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

MAPCO မှမွေးမြူထားရှိသောမြို့နယ်အလိုက်နွားအကောင်ရေစာရင်း

| စဉ် | တည်နေရာ | ဖရီရှန်မျိုး | | ဒေသမျိုး | | စုစုပေါင်း( အကောင်ရေ) |
|---|---|---|---|---|---|---|
| | | ထီး | မ | ထီး | မ | |
| ၁ | နေပြည်တော် | | ၁ | ၆ | ၁၄ | ၂၁ |
| ၂ | မြောင်းမြ | ၃ | ၇ | | ၇ | ၁၇ |
| ၃ | မအူပင် | | | ၈ | ၁၆ | ၂၄ |
| | စုစုပေါင်း | ၃ | ၈ | ၁၄ | ၃၇ | ၆၂ |

မြောင်းမြတွင် မွေးမြူထားရှိသောနွားများ



မအူပင်တွင် မွေးမြူထားသောနွားများ



နေပြည်တော်တွင် မွေးမြူထားသောနွားများ





# YAFI ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ

Yangon Agri Food Industries Company Limited (YAFI) အနေဖြင့် Myanmar Agribusiness Public Company Limited (MAPCO)၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူ၍ မြန်မာနိုင်ငံ၏ လယ်ယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ ရန်ကုန်-ပြည်ကားလမ်းမကြီးပေါ်တွင် အခြောက်ခံစက်၊ လှုံးတီးခွဲစက်များ တည်ဆောက်၍ တောင်သူဦးကြီးများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။




## မတ္တရာမြေ ရောင်းချပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဆောင်ရွက်နေမှု

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်ရှိ MAPCO ပိုင် (၄.၇၆) ဧကကို ၂၀၂၃ခုနှစ်၊ မေလ (၈)ရက်နေ့တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ ရောင်းချခဲ့ပါသည်။ ရောင်းချမှုမှ ရရှိလာသည့် အကျိုးအမြတ်များအား ဆောင်ရွက်လျက်ရှိသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် တိုးမြှင့်ဆောင်ရွက်ရန်နှင့် မှန်းထားသည့် ရလဒ်များကို လျင်မြန်စွာ ရရှိနိုင်ရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်များ ဆောင်ရွက်လျက်ရှိပါသည်။









# နေပြည်တော်တွင် အဆင့်မြင့်လယ်ယာဖော်ထုတ်မည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

Myanmar Agibusiness Public Company Limited အနေဖြင့် နေပြည်တော်၊ ပျဉ်းမနားမြို့နယ်ရှိ MAPCO ဆန်စက်နှင့်ကပ်လျှက် လယ်မြေ (၂၀၁.၅၇)ကေအား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ တောင်သူများနှင့် အကျိုးတူပူးပေါင်းကာ အဆင့်မြင့်လယ်ယာဖော်ထုတ်ရန် ဆောင်ရွက်လျှက်ရှိပါသည်။ အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ပြီးပါက တောင်သူများနှင့် ပူးပေါင်းကာ မျိုးစေ့ထုတ်လုပ်ငန်းများ၊ Contract Farming လုပ်ငန်းများ (စပါး/ ဆီထွက်သီးနှံ) ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထိုအဆင့်မြင့် လယ်ယာဖော်ထုတ်ဆောင်ရွက်ရာတွင် MAPCO ပိုင်လယ်မြေအနေဖြင့်(၁၆.၀၃)ကေအား ကျပ်သိန်း(၂၅၀၄.၄၆၉)ဖြင့် ဝယ်ယူရင်းနှီးမြှုပ်နှံထားပြီး ဖြစ်ပါသည်။







လယ်ယာဖော်ထုတ်ဆောင်ရွက်ရာတွင် MAPCO ပိုင်လယ်မြေအနေဖြင့် (၁၆.၀၃)ကေအား ကျပ်သိန်း ၂၅၀၄.၄၆၉ ဖြင့် ဝယ်ယူရင်းနှီးမြှုပ်နှံထားရှိ







# သဘာဝမြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်း

Myanmar Agribusiness Public Company Limited (MAPCO) သည် စိုက်ပျိုးမြေဆီလွှာများပျက်စီးခြင်းနှင့် ဓါတုပစ္စည်းများအသုံးပြုမှု လျော့ကျစေရေးအတွက် နေပြည်တော်တွင် စပါးခွံ နှင့် နွားချေးတို့ကို ကုန်ကြမ်းအဖြစ် အဓိက အသုံးပြုပြီးသဘာဝမြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်စမ်းသပ်ထုတ်လုပ်ခဲ့ပါသည်။

ထုတ်ကုန်ပစ္စည်းများမှာ My Nature အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော သဘာဝမြေဩဇာ၊ သဘာဝအသီးတင်ဆေးရည်(Natural Fruit Growth Regulator)၊ ဇီဝပိုးသတ်ဆေးရည် (Natural Pesticide)၊ ဇီဝရွက်ဖျန်းမြေဩဇာအရည် (Natural Foliar Fertilizer) နှင့် စပါးခွံပေါင်းခံရည် (Rice Husk Vinegar) များဖြစ်ပါသည်။ အဆိုပါ ထုတ်ကုန်ပစ္စည်းများအား ကနဦးအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ စိုက်ပျိုးတောင်သူများထံသို့ စတင်စမ်းသပ်အသုံးပြုရန် ဖြန့်ဖြူးထားပြီး ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချရန် စီမံချက်များရေးဆွဲလျက်ရှိပါသည်။

# အော်ဂဲနစ်သဘော်ပင်စိုက်ပျိုးခြင်းလုပ်ငန်း

အော်ဂဲနစ်သဘော်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို တွံတေး၊ မအူပင် နှင့် မြောင်းမြစက်ရုံနယ်မြေရှိ မြေနေရာများတွင် သဘော်မျိုးပင်များအား ပထမအကြိမ် အပင် (၁၀၀၀)၊ ဒုတိယအကြိမ် အပင် (၄၀၀)အား စမ်းသပ်စိုက်ပျိုးထားပါသည်။ လက်ရှိတွင် စမ်းသပ်စိုက်ပျိုးထားသောမြေ၊ ရာသီဥတု၊ အပင်ဖြစ်ထွန်းမှုနှင့် အသီးအရွယ်အစား၊ အသီးအချိုဓာတ်တို့အပေါ် စမ်းသပ်မှုများ ပြုလုပ်လျက်ရှိပြီး ဈေးကွက်ဝင် အရည်အသွေး ပြည့်မီသည့် သဘော်သီးများရောင်းချရန် Business Plan ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။








# နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းပေးခြင်း

(၁၉.၆.၂၀၂၃) ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၊ စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သော "ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေး နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း" အား MAPCO မှ ဝန်ထမ်း(၁၃)ဦးအား ကုမ္ပဏီမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လယ်ယာစိုက်ပျိုးရေး အခြေခံဆန်စက်လုပ်ငန်းများတွင် စနစ်တကျ ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ တက်ရောက်လေ့လာသင်ယူစေခဲ့ပါသည်။




# MAPCO နေပြည်တော် ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း

(၁၇.၂.၂၀၂၃) ရက်နေ့တွင် လူမှုဖူလုံရေးကျန်းမာရေးအဖွဲ့ (နေပြည်တော်) နှင့်ပူးပေါင်း၍ MAPCO (နေပြည်တော်)ရှိ ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးခြင်းများအား ဆောင်ရွက်ခဲ့ပါသည်။






# ဝန်ထမ်းများ သက်သာချောင်ချိရေး ဆန်နှင့်ဆီ ထောက်ပံ့ပေးအပ်ခြင်း

၂၀၂၂ - ၂၀၂၃ ခုနှစ်များတွင် MAPCO ရှိ ဝန်ထမ်းများအား စားဝတ်နေရေး သက်သာချောင်ချိစေရန် ရည်ရွယ်၍ ဆန်နှင့် စားသုံးဆီများ ပေးဝေခဲ့ပါသည်။





မြောင်းမြမှ ဝန်ထမ်းများအား ဆန်နှင့်ဆီထောက်ပံ့ခြင်း





တွံတေးမှ ဝန်ထမ်းများအား ဆီထောက်ပံ့ခြင်း




မအူပင်မှ ဝန်ထမ်းများအား ဆန်နှင့်ဆီထောက်ပံ့ခြင်း



# နှစ်သစ်ကူး ပရိတ်တရား နာကြားခြင်း(ရန်ကုန်ရုံးချုပ်)

၁၃၈၅ ခုနှစ်၊ နှစ်သစ်ကူးအခါသမယ၊ (၁၇.၄.၂၀၂၃) ရက်နေ့တွင် လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်မှ ပင့်သံဃာ (၅)ပါးဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော် နာကြားခြင်းအား MAPCO (ရုံးချုပ်) ၌ ပြုလုပ်ခဲ့ပါသည်။







# MAPCO(နေပြည်တော်)ဝန်ထမ်းများ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း

MAPCO(နေပြည်တော်) ၏ ဝန်ထမ်းများ စုပေါင်း၍ (၁၄.၇.၂၀၂၂) ရက်နေ့တွင် မယ်ဇလီကုန်း ကျောင်းတိုက်နှင့် အလျင်လိုကျောင်းတိုက်မှ ပင့်သံဃာ(၃)ပါးအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း၍ အနုမောဒနာတရားနာကြားခဲ့ပါသည်။





# ကုန်စည်ဒိုင် စုပေါင်းဘုံကထိန်ပွဲသို့ ပဒေသာပင် လှူဒါန်းခြင်း

MAPCO အနေဖြင့် (၃.၁၁.၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကုန်စည်ဒိုင် စုပေါင်းဘုံကထိန်ပွဲသို့ ပဒေသာပင် ငွေကျပ် ၁,၈၀၀,၀၀၀/- တိတိ လှူဒါန်းခဲ့ပါသည်။





# နှစ်သစ်ကူးပရိတ်တရားနာကြားခြင်း(နေပြည်တော်ဆန်စက်)

၁၃၈၅ ခုနှစ်၊ နှစ်သစ်ကူးအခါသမယ၊ (၁၇.၄.၂၀၂၃)ရက်နေ့တွင် မယ်ဇလီကုန်းကျောင်းတိုက်နှင့် အလျင်လို ကျောင်းတိုက်မှ ပင့်သံဃာ (၅)ပါးဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်နာကြားခြင်းအား MAPCO(နေပြည်တော်)၌ ပြုလုပ်ခဲ့ပါသည်။









# ဝန်ထမ်းထောက်ပံ့ကြေးငွေပေးအပ်ခြင်း(Employee Welfare)

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၃ ခုနှစ်၊ ဖွန်လအထိ ဝန်ထမ်းများ၏ လုပ်သက်သတ်မှတ်ချက်အလိုက် သာရေး၊ နာရေးနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | ထောက်ပံ့မှုအမျိုးအစား | ဝန်ထမ်းဦးရေ | စုစုပေါင်းထောက်ပံ့ငွေပမာဏ |
|---|---|---|---|
| ၁ | မီးဖွားခြင်း | ၅ | ၁,၂၀၀,၀၀၀/- |
| ၂ | နာရေးကူညီခြင်း | ၈ | ၁,၂၀၀,၀၀၀/- |
| ၃ | မင်္ဂလာလက်ဖွဲ့ခြင်း | ၉ | ၁,၉၀၀,၀၀၀/- |
| ၄ | ပင်စင်ထောက်ပံ့ခြင်း | ၁၃ | ၁၄,၁၂၀,၀၀၀/- |
| | စုစုပေါင်း | | ၁၈,၄၂၀,၀၀၀/- |

**Myanmar Agribusiness Public Company Limited**

**Yangon Office**
No.100, Corner of Wardan Street & Kan Nar Street,
Beside the Concrete Express Way, Wardan Port Area,
Lanmadaw Township, Yangon, Myanmar.
Tel: (+95-1) 2301652~53, 2301825~6
Fax: (+95-1) 2301824
Email: admin@mapco-ygn.com
Website: www.mapco.com.mm